## ၁၅တန်အထက် ဆန်စက်နှစ်စဉ်သတ်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

### ၁။ ကာယကံရှင်မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်

(က) လိုင်စင်သတ်တမ်းပြုကာလ(၁)နှစ်မတိုင်မီ တစ်လကြိုတင်၍ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးသို့ လက်ရှိကြိတ်ခွဲလည်ပတ်လျက်ရှိကြောင်း ဝန်ခံဂတိပြု လက်မှတ် ပူးတွဲလျှက် လျှောက်ထားခြင်း။

**(ကာယကံရှင်)**

(ခ ) စိစစ်ရေးအဖွဲ့မှ အဆင့်အတန်းမီ စနစ်တကျပြုပြင်ပြီးကြောင်း စစ်ဆေးတွေ့ရှိ ထောက်ခံချက် ရရှိပါက အောက်ပါအတိုင်း သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေးများအား ဌာနငွေသွင်းချလံဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ် တွင်ပေးသွင်းခြင်း။

**(ကာယကံရှင်)**

| | | |
|---|---|---|
| (၁) | ဆန်တန်(၂၀)အထိ ကြိတ်ခွဲနိုင်သောစက် | ၂၀၀၀ကျပ် |
| (၂) | ဆန်တန်(၄၀)အထိ ကြိတ်ခွဲနိုင်သောစက် | ၂၅၀၀ကျပ် |
| (၃) | ဆန်တန်(၄၀)အထက် ကြိတ်ခွဲနိုင်သောစက် | ၃၀၀၀ကျပ် |

### ၂။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်

(က) ခရိုင်စားသုံးသူရေးရာဦးစီးဌာန၏ စိစစ်ရေးအဖွဲ့မှ ဆန်စက်အား စနစ်တကျ ပြုပြင်ထားခြင်း ရှိ/မရှိ အပါအဝင်ကို ကွင်းဆင်စစ်ဆေးခြင်း။

**(ခရိုင်စားသုံးဦးစီးဌာန)**

(ခ ) ငွေသွင်းချလံမူရင်းရရှိပါက ဆန်စက်မှတ်ပုံတင် နှစ်စဉ်သက်တမ်းတိုးလက်မှတ် ကို သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးမှ ထုတ်ပေးရန်။

**(ခရိုင်စားသုံးဦးစီးဌာန)**

(ဂ) ဆန်စက်များမှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်ကြားစာအမှတ် (၁/၈၉) (၂/၈၉)အရ ဆန်စက်များသည် နှစ်စဉ်နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် (မှတ်ပုံတင် သက်တမ်းတိုးအပြီး ဆောင်ရွက်ရမည်ဖြစ်ပါသည်)

**(ခရိုင်စားသုံးဦးစီးဌာန)**

## ၃။ ကြီးကြပ်မှုအပိုင်း

၁၅တန်နှင့်အထက် တည်ဆောက်ပြီး ဆန်စက်များနှစ်စဉ်လိုင်စင် (သက်တမ်းတိုး) လျှောက်ထားရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။